# ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

# လယ်ဒိုကော်ဆာ

## ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ စစ်ကောင်စီတပ်မှ လယ်ဒိုကော်ဆာအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ထုတ်ပြန်ချက်

**နေ့စွဲ။ ။၇/၁၂/၂၀၂၄**

(၁) မိမိတို့ လယ်ဒိုကော်ဆာ ကရင်အရေးပေါ် ကူညီကယ်ဆယ်ရေးကော်မတီသည် ပြည်သူလူထု နှင့် အတူ ရပ်တည်လျက်ရှိပြီး ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသော လူမှုဘဝ လုံခြုံမှုအား အလေးထားလုပ်ဆောင် နေပါသည်။

(၂) လက်ရှိတွင် စစ်ကောင်စီတပ်မှ လက်နက်ကြီး ပစ်ခတ်ခြင်း၊ စစ်သုံး တိုက်လေယာဉ်များ ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ ဒရုန်းဖြင့် လက်နက်ကြီးပစ်ချခြင်း၊ အပြစ်မဲ့ ပြည်သူများအား ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ငွေညှစ်ခြင်း၊ ရိုက်နှက်ခြင်း၊ ပစ္စည်းများခိုးယူခြင်း၊ မီးရှို့ခြင်း၊ ပြည်သူများအား မတရား စစ်မှုထမ်းစေခိုင်းခြင်း အစရှိသော လူ့အခွင့်အရေး ချိုးဖောက် မှုများအား နေ့စဉ် ရက်ဆက် လုပ်ဆောင်နေသည်ကို တွေ့ရသည်။

(၃) ၂၀၂၄ ခုနှစ် အောက်တိုဘာလ မှ နိုဝင်ဘာလအတွင်း အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီ တပ်၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အမြောက်တပ်၊ ကြည်းတပ်နှင့် လေတပ်တို့မှ ကျေးရွာများအတွင်းသို့ လက်နက်ကြီးအလုံးရေ စုစုပေါင်း (၂၂၄) လုံး နှင့် လေတပ်မှလည်း ဗုံး (၂) လုံးခန့် ကျဲချခဲ့သည့်အပြင် အော်လီဂန်းဖြင့် (၄) ကြိမ် ဒရုန်းဖြင့် (၃၇) ကြိမ် ထက်မနည်း ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ထိုပစ်ခတ်မှုများကြောင့် အပြစ်မဲ့ အရပ် သားပြည်သူ စုစုပေါင်း (၂၁) ဦး ထိခိုက်ခဲ့ရပြီး (၃) ဦးသေဆုံးခဲ့ရကာ လူနေအိမ် စုစုပေါင်း (၁၆) လုံး၊ ဘုန်းကြီးကျောင်း (၄) ကျောင်း၊ ခရစ္စယာန်ဘုရားရှိခိုးကျောင်း (၅) ကျောင်း၊ ဆေးပေးခန်း (၂) ခန်း ထိခိုက်ပျက်စီး ခဲ့ရသည့်အပြင် နွား (၁) ကောင်လည်း ထိမှန်သေဆုံး ခဲ့ရသည်။

(၄) အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ ပြည်သူလူထုမှ လူမှုဘဝလုံခြုံမှုကင်းမဲ့စွာ အသက်ရှင်နေထိုင် ရပ်တည်နေရပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ လယ်ဒိုကော်ဆာ အရေးပေါ်ကူညီကယ်ဆယ်ရေး ကော်မတီမှ သက်ဆိုင်သည့် လူ့အဖွဲ့ အစည်းများနှင့် လူပုဂ္ဂိုလ်များအား အောက်ပါအချက် များအတိုင်း တောင်းဆို အပ်ပါသည်။

(က) *ပြည်သူများအပေါ် အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုနေသော မည်သည့် အဖွဲ့အစည်း လူဂိုလ်ကိုမဆို ပြင်းထန်စွာရှုတ်ချပြီး အကြမ်းဖက်မှုများကို ကျူးလွန် ခြင်း အားပေးလှုံ့ဆော်နေခြင်းများကို ရပ်တန့်ရန်တောင်းဆိုပါသည်။*

(ခ) *စစ်ရှောင်ပြည်သူလူထုများ၏ လုံခြုံရေးနှင့် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လိုအပ်နေမှုများကို လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များ ပေးအပ်ရန် နိုင်ငံတကာ အဖွဲ့အစည်းများအား တောင်းဆိုအပ်ပါသည်။*

(ဂ) *ပြည်တွင်းပြည်ပမှ ပြည်သူလူထုများ ကိုယ်စားပြုသည့် အရပ်ဖက် အဖွဲ့အစည်းများ၊ တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် ဤကဲ့သို့ စစ်ကောင်စီတပ်မှ ပြည်သူ လူထုများ အပေါ် ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများအား ချက်ချင်းရပ်တန့်ရန်အတွက် ပို၍ ထိရောက်သော အရေးယူမှုများ ပြုလုပ်ရန် တောင်းဆိုပါသည်။*

(၅) မိမိတို့ လယ်ဒိုကော်ဆာ ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် မိမိ ပြည်သူ လူထု များနှင့်အတူ ပူးပေါင်းကူညီရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန် အပ်ပါသည်။

ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

လယ်ဒိုကော်ဆာ


ဆက်သွယ်ရန်–

+၉၅၉၈၈၉၀၅၀၇၄၄